JUSTICE FOR MYANMAR

# မြန်မာအကြမ်းဖက်စစ်တပ်က ဩစတြေးလျရေဒီယိုများ အသုံးပြုနေ

***ဩစတြေးလျ၏ ကြံရာပါဖြစ်မှုကို အဆုံးသတ်ရန်နှင့် ပစ်မှတ်ထားဒဏ်ခတ်ရန် Justice For Myanmar တောင်းဆို***

*၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၊ ၁၈ ရက်၊ မြန်မာ* - လျှို့ဝှက်ပေါက်ကြားလာသည့် မြန်မာစစ်တပ်၏ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ဝယ်ယူရေးစာရွက်စာတမ်းတစ်ခုတွင် မြန်မာနိုင်ငံသို့ နှစ်ပေါင်း ၂၀ နီးပါး စက်ပစ္စည်းကိရိယာများ ရောင်းချပေးလျက်ရှိသည့် ဩစတြေးလျကာကွယ်ရေးပစ္စည်းကုမ္ပဏီ Barrett Communications ထံမှ နည်းဗျူဟာဆိုင်ရာရေဒီယိုများအတွက် စက်ပစ္စည်း အစိတ်အပိုင်းများ ဝယ်ယူရန် ကြိုးပမ်းမှုကိုတွေ့ရသည်။

စစ်တပ်၏ အဆိုပြုချက်တွင် Barret ၏ PRC-2090 ရွှေ့ပြောင်းသယ်ယူရလွယ်ကူသည့် စစ်သုံးဆက်သွယ်ရေးပစ္စည်းများအတွက် လက်ကိုင်စကားပြောစက်များ၊ ဘက်ထရီထုပ်များ၊ ရုပ်သံကြည့် ဖန်သားပြင်မော်ဂျူးများ၊ စက်အတွင်းပိုင်း မော်ဒန်းများ၊ အင်တာနာဖမ်းယူနစ်များနှင့် မီးအားမြှင့် ပေါင်းကူးစက်များကို ဖော်ပြ ထားသည်။ Barrett Communications ဝက်ဘ်ဆိုက် မှ ဖော်ပြထားချက်အရ အဆိုပါ ဆက်သွယ်ရေးပစ္စည်းများ၏ အဓိကထူးခြားချက်မှာ ရေဒီယိုအသံလှိုင်းများကို လုံခြုံစွာ လွှင့်ထုတ်ခြင်း (frequency hopping) အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး ဩစတြေးလျ၏ ဒဏ်ခတ်ပိတ်ဆို့မှုစနစ်အရ မြန်မာနိုင်ငံသို့ တင်ပို့ခွင့်တားမြစ်ထားသည့် စစ်သုံးဆက်သွယ်ရေးပစ္စည်းဖြစ်သည်။ ရေဒီယိုအသံလှိုင်းများကို လုံခြုံစွာ လွှင့်ထုတ်ခြင်း (frequency hopping) သည် PRC-2090 အတွက် အဆင့်မြှင့်သည့် ပစ္စည်းမဟုတ်ကြောင်း ကုမ္ပဏီမှ Justice For Myanmarသို့ပြောကြားခဲ့သည်။

Barrett Communications သည် မြန်မာနိုင်ငံသို့ ၎င်းတို့၏နောက်ဆုံးရောင်းချမှုကို ဩစတြေးလျအစိုးရ ခွင့်ပြုချက်ဖြင့် ၂၀၁၇ ခုနှစ်တွင်ပြုလုပ်ခဲ့သည်ဟု Justice For Myanmar သို့ထုတ်ဖော်ပြောကြား ခဲ့သည်။ "အရောင်းအဝယ် ဆောင်ရွက်ခဲ့မှုအားလုံးသည် စီးပွားရေးလုပ်ငန်းအတွက်သာ ဖြစ်ကြောင်း စိတ်ချယုံကြည်သည်" ဟု ဖြေကြားခဲ့ပြီး အသေးစိတ်အချက်အလက်များကိုမူ ကုမ္ပဏီက

JUSTICE FOR MYANMAR

ဖော်ပြထားခြင်းမရှိပါ။ ၂၀၁၇ ခုနှစ်သည် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုစစ်ဆင်ရေး စတင်ခဲ့သောနှစ်ဖြစ်သည်။

PRC-2090 အစိတ်အပိုင်းများကို Barrett Communications ၏ ခွင့်ပြုချက်မပါဘဲ တတိယ ကြားခံရောင်းချသူများမှ မြန်မာစစ်တပ်သို့ ရောင်းချခဲ့သည်ဟု Barrett Communications ၏ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးမှ အတည်ပြုပြောကြားခဲ့သည်။

Barret ၏ ဆက်သွယ်ရေးရေဒီယိုများအား စစ်တပ်လေဆိပ်များနှင့် စစ်ဘက်လေယာဉ်အများအပြား ဆင်းသက်အသုံးပြုသည့် လေဆိပ်များတွင် တပ်ဆင်အသုံးပြုထားသည်ကို Justice For Myanmar က တွေ့ရှိခဲ့သည်။ Barret ၏ စက်ပစ္စည်းများအပြင် လေဆိပ်များတွင် အသုံးပြုရန် Codan Limited မှ ရေဒီယိုများကိုလည်း မြန်မာနိုင်ငံက ဝယ်ယူခဲ့သည်။ ထို့အပြင် စစ်တပ်သည် အလွန်ဝေးကွာသည့် နေရာအထိ ရေဒီယိုလှိုင်းများ လွှင့်ထုတ်/ဖမ်းယူနိုင်သည့် မော်ဒန်းများ (ultra-long range telemetry radio modems) ကို RFDesign Pty Ltd ထံမှ ရရှိခဲ့သည်။ Codan နှင့် RFDesign Pty Ltd တို့သည်လည်း ဩစတြေးလျ ကုမ္ပဏီများ ဖြစ်ကြသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** *"မြန်မာစစ်တပ်ရဲ့ ကြည်းတပ် ဆက်သွယ်ရေးနဲ့ လေတပ်စစ်ဆင်ရေးတွေအတွက် ဩစတြေးလျနည်းပညာကို အသုံးပြုနေတာကို ကျွန်မတို့ စိုးရိမ်ထိတ်လန့် စိတ်ပျက်ရပါတယ်။ မြန်မာပြည်သူတွေအပေါ် လူမျိုးတုန်း သတ်ဖြတ်မှုတွေ၊ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ဆယ်စုနှစ်ပေါင်းများစွာ ကျူးလွန်ခဲ့တဲ့ အပြစ်တွေကနေ အရေးယူမခံရဘဲ လွတ်နေတဲ့ မြန်မာစစ်တပ်ကို Barrett Communications က အဆင့်မြင့်နည်းပညာတွေ ထောက်ပံ့နေတာ ဆယ်စုနှစ်တစ်ခုကျော်နေပြီ ဖြစ်ပါတယ်။ ဩစတြေးလျအစိုးရက အခုအချိန်မှာ မြန်မာပြည်သူတွေကို ရန်ပြုတိုက်ခိုက်နေတဲ့ အဲဒီအကြမ်းဖက်အဖွဲ့အစည်းကို ဒီစက်ပစ္စည်းတွေရောင်းချနေတာကို ဘာကြောင့် ခွင့်ပြုနေပါသလဲ။ ဩစတြေးလျအစိုးရအနေနဲ့ ဒီပို့ကုန်တွေကို ခွင့်ပြုပေးနေတာဟာ ကြံရာပါ လုပ်နေသလားဆိုတာကို ကျွန်မတို့ သိချင်ပါတယ်။ တကယ်လို့များ Barrett Communications အနေနဲ့ ဩစတြေးလျ ပို့ကုန်ကန့်သန့်ရေး ဥပဒေကို ဖောက်ဖျက်ကျူးလွန်တယ်ဆိုရင်လည်း ဥပဒေအရ အရေးယူရမှာဖြစ်ပါတယ်။*

JUSTICE FOR MYANMAR

*ဩစတြေးလျ အစိုးရ အဆက်ဆက်ဟာ မြန်မာစစ်တပ်နဲ့ တပူးတွဲတွဲ လုပ်နေခဲ့ကြပြီး အခုအချိန်မှာ အာဏာသိမ်းခေါင်းဆောင်၊ စစ်ရာဇဝတ်ကောင်မင်းအောင်လှိုင်ကို စီးပွားရေးပိတ်ဆို့ အရေးယူတာမျိုးတောင် မလုပ်ပဲ ဒီအတိုင်းကြည့်နေတာက အလွန်စိတ်ပျက်အံ့သြဖို့ကောင်းပါတယ်။ ဩစတြေးလျအနေနဲ့ စစ်လက်နက် ထိန်းချုပ်ရေးအစီအစဉ်ကို အသက်ဝင်အားကောင်းအောင် ချက်ချင်း အားစိုက်လုပ်ဆောင်ဖို့ လိုအပ်ပြီး၊ မြန်မာနိုင်ငံကို နောက်ထပ် စက်ပစ္စည်းထပ်မပို့နိုင်အောင် သေသေချာချာလုပ်ဆောင်ဖို့ လိုပါတယ်”* ဟု ပြောကြားခဲ့သည်။

Codan Ltd နှင့် RFDesign ကုမ္ပဏီတို့ကဂုင်းတို့၏ မြန်မာနိုင်ငံနှင့် စီးပွားရေးလုပ်ငန်းများအကြောင်း ရှင်းပြပေးရန် Justice For Myanmar ၏ တောင်းဆိုချက်ကို အကြောင်းပြန်ကြားခြင်း မရှိခဲ့ပေ။

**အယ်ဒီတာများသို့ မှတ်ချက်**

မြန်မာအကြမ်းဖက်စစ်တပ်က ဩစတြေးလျရေဒီယိုများ အသုံးပြုနေပုံ အသေးစိတ်ပါ Justice For Myanmar မှ စုံစမ်းဖော်ထုတ်ထားသည့် သတင်းဆောင်းပါးအားရယူရန်
www.justiceformyanmar.org/stories/the-myanmar-military-are-using-australian-radios-to-commit-atrocities

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိ သည်။

JUSTICE FOR MYANMAR

ထပ်မံသိရှိလိုပါက -

ရတနာမောင်

အီးမေးလ် - media@justiceformyanmar.org

ဝဘ်ဆိုဒ် - https://www.justiceformyanmar.org/

ပုံတူဝဘ်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/

တွစ်တာ - @justicemyanmar

ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/